**ပုပ္ပါးမျောက်မြီးရှည်ကောင်ရေ စာရင်းကောက်ယူခြင်းနှင့် ဆန်းစစ်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု**

၁။ မြန်မာနိုင်ငံရှိ အရေးပါသော ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်နှင့် ဂေဟစနစ်များ ရေရှည်တည်တံ့စေရန်ရည်ရွယ်၍ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်း လုပ်ငန်းအစီအစဉ် (၂၀၁၉-၂၀၂၀ မှ ၂၀၂၈-၂၀၂၉ ထိ) (Re-establishing Natural Habitats Programme-RNH) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ RNH လုပ်ငန်းအစီအစဉ်ပါ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ပုပ္ပါးမျောက်မြီးရှည် စာရင်းကောက်ယူခြင်းနှင့် ဆန်းစစ်ခြင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအတွင်း ပုပ္ပါးတောင်ဥယျာဉ်၌ အောက်ပါ အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်-

(က) ပုပ္ပါးမျောက်မြီးရှည် စာရင်းကောက်ယူခြင်းကို ၎င်းတို့၏ နေထိုင်ကျက်စားမှု၊ အလေ့အထနှင့် နှစ်အလိုက် ကောင်ရေအတိုး/အလျော့ကို သိရှိနိုင်ရန် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊

(ခ) ဝန်ထမ်း (၃) ဦးဖြင့် စာရင်းကောက်ယူခြင်းလုပ်ငန်းကို ပုပ္ပါးတောင်ဥယျာဉ်၏ ထိန်းသိမ်းရေးနယ်မြေ (၁) အတွင်းရှိ တောင်တွင်းချောင်စခန်းအား အခြေပြု၍ နွားလဘို့တောင်၊ မှန်ပြတောင်နှင့် ဆေးမွှန်တောင်ခြေတွင် စာရင်းကောက်ယူခဲ့ကြောင်း၊

(ဂ) ဆေးမွှန်တောင်ခြေ၏ အရှေ့ဘက်ခြမ်း ချွန်းမလွန်း ရေထွက်ဝန်းကျင်နှင့် အရှေ့မြောက်ဘက် သကြားဟင်းအိုးဧရိယာ၊ မှန်ပြတောင်၏ အနောက်ဘက် ကမ်းပါးပြိုနေရာများတွင် သွားရောက်ဆောင်ရွက်ခဲ့ရာ မတွေ့ရှိခဲ့ကြောင်း၊

(ဃ) နွားလဘို့တောင်၏ အနောက်ဘက် မြက်သောက်ကုန်းသို့ စာရင်းကောက်ယူခဲ့ရာ မျောက်များမှာ ရေသခွားခြုံအတွင်း အစာစားနေသည်ကို တွေ့ရှိရသော်လည်း အလွန်ဝေးကွာသဖြင့် ကောင်ရေ ရေတွက်နိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း၊

(င) နွားလဘို့တောင်ခြေ ကျောက်ထပ်များသို့ သွားရောက်လေ့လာခဲ့ရာ ပုပ္ပါးမျောက်မြီးရှည် (၃၄) ကောင်နှင့် မှန်ပြတောင်ခြေရှိ ဘုရား၏ အရှေ့တောင်ဘက်တွင် (၁၈) ကောင်၊ စုစုပေါင်း ကောင်ရေ (၅၃) ကောင် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊

(စ) ပုပ္ပါးမျောက်မြီးရှည်များမှာ ရေသခွားရွက်၊ စလူရွက်နှင့် ဖက်ဆွတ်ရွက်များ စားသုံးသည်ကို တွေ့ရှိခဲ့ကြောင်း၊

(ဆ) စာရင်းကောက်ယူခဲ့သော တောင်တွင်းချောင်စခန်းဧရိယာတွင် အမြဲစိမ်းဆန်သည့် ညောင်အမျိုးမျိုး၊ စကားဝါ၊ ရုံး၊ တောင်တမာ၊ ဖက်ဆွတ်၊ ဘုမ္မဲဇာ၊ တောဝွေး၊ လေင်ကျော်၊ ဆူးရစ်၊ ခွေးတရော်၊ ရေသဗွား၊ ရင်းဒေါင်း၊ စလူ၊ မယားနင်း၊ ချယ်ရီ စသည့် အပင်များ ပေါက်ရောက်နေသည်ကို တွေ့ရှိရကြောင်း။

## ၃။ တွေ့ရှိ သုံးသပ်ချက်

(က) ပုပ္ပါးမျောက်မြီးရှည် (Popa Langur-Trachypithecus popa) သည် မြန်မာနိုင်ငံ၏ ဒေသရင်းမျိုးစိတ်ဖြစ်ပြီး မြန်မာနိုင်ငံတွင် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ် ဖြစ်ပါကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် သုတေသနရလဒ်များအရ ကမ္ဘာ့သုတေသနမှတ်တမ်းတွင် မျိုးစိတ်သစ်အဖြစ် တရားဝင်သတ်မှတ်ခံခဲ့ရပါကြောင်း၊

(ခ) ယခင်ဘဏ္ဍာနှစ် နိုဝင်ဘာလနှင့် ကောင်ရေနှိုင်းယှဉ်ပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ နိုဝင်ဘာလတွင် အုပ်စု (၃) အနက် အုပ်စု (၂) စုသာ တွေ့ရှိရပြီး ကောင်ရေ (၉) ကောင် လျော့နည်းသွားပါကြောင်း၊

(ဂ) ကောင်ရေလျော့နည်းသွားရခြင်းမှာ စာရင်းကောက်ယူခြင်းကို ဆေးမွန်တောင်၏ အရှေ့ဘက်ခြမ်းတွင်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဆေးမွန်တောင်၏ အနောက်ဘက်ခြမ်းရှိ ပုပ္ပါးမျောက်မြီးရှည် အုပ်စု (၁) စု အား စာရင်းကောက်ယူရန် ကျန်ရှိသေးခြင်းကြောင့် ဖြစ်ပါကြောင်း၊

(ဃ) ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ နိုဝင်ဘာလတွင် စာရင်းကောက်ယူခဲ့မှုအရ ဆေးမွန်တောင်ကြော၌ ကောင်ရေ (၂၀) ခန့် တွေ့ရှိခဲ့ပါသဖြင့် အဆိုပါနေရာအား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် ကောက်ယူသွားမည်ဖြစ်ပါကြောင်း၊

(င) ပုပ္ပါးမျောက်မြီးရှည် ထိန်းသိမ်းကာကွယ်ရေးကို အထောက်အကူပြုစေရန်အတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊

(စ) ပုပ္ပါးတောင်ဒေသတွင် ပုပ္ပါးမျောက်မြီးရှည်ကို အခြေပြု၍ ဒေသခံအခြေပြု သဘာဝ အခြေခံခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရေး စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။